မြန်မာနိုင်ငံဉာဏ်ရည်မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်
Special Olympics Myanmar
အဖွဲ့၏သမိုင်းအကျဉ်းချုပ်

၂၀၀၄–ခုနှစ်တွင် ဉာဏ်ရည်မသန်အားကစားသမားများအတွက် မြန်မာနိုင်ငံတွင် Paralympic Myanmar အားကစားအဖွဲ့ချုပ်မှ ဦးစီး၍ မြန်မာနိုင်ငံဉာဏ်ရည်မီသူများ အားကစားအဖွဲ့ (Special Olympics Myanmar)အဖြစ်စတင်ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၉–ခုနှစ်တွင် ရွှေကောက်ပွဲကျင်းပပြီး မြန်မာနိုင်ငံဉာဏ်ရည်မသန်စွမ်းသူများ အားကစား အဖွဲ့ချုပ်အဖြစ် သီးခြားရပ်တည်ခဲ့ပါသည်။ ယင်းခုနှစ်မှစ၍ World Games ပြိုင်ပွဲများ ၊ မြည်နယ် နှင့် တိုင်းအသီးသီးတွင် National Games ပြိုင်ပွဲများကို ကျင်းပပေးခဲ့ပါသည်။

(Special Olympics Myanmar)သည် ဉာဏ်ရည်မသန်စွမ်းသူများအတွက် အပန်းဖြေအနှားယူခြင်း၊ ကိုယ်ကာယ ဉာဏ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ပညာပေးခြင်း၊ အားကစားသင်တန်းများ လေ့ကျင့်ပေးခြင်းနှင့်ပြိုင်ပွဲများ ကျင်းပပေးခြင်း၊ အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် စေလွှတ်ယှဉ်ပြိုင်စေခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယင်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးရာတွင် အောင်မြင်မှုအတိုင်း အတာမှာ ဉာဏ်ရည်မသန်စွမ်းသူများသည် ၎င်းတို့၏အစွမ်းအစ ဖြင့်လူ့အဖွဲ့အစည်းတွင် အားကစားတာဝန်များကို မသန်စွမ်းမှုမရှိသူများကဲ့သို့ ထမ်းဆောင်နိုင်သူများဖြစ်ကြောင်း၊ လက်ခံယုံကြည်အားထားသည့် စေတနာ့ဝန်ထမ်းများ၊ မိသားစုများ၏ရင်တွင်းမှ မေတ္တာ၊ ကရုဏာ၊ စေတနာ၊ အနစ်နာ တို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက် ရှိပါသည်။

ဉာဏ်ရည်အဆင့် (၇၅)ရာနိုင်နှုန်းအောက်ရှိ၍ အသက်(၈)နှစ်နှင့်အထက်ရှိသည့် ဉာဏ်ရည်မသန်စွမ်းသူများအား တစ်ဦးချင်း ပါဝင်နာပါသည့် အားကစားနည်းအား ကျွမ်းကျင်အောင် စနစ်တကျ သင်ကြားလေ့ကျင့်ပေးပြီး၊ ဉာဏ်ရည်မသန်စွမ်းသူများအားလုံး ကိုယ်ကာယကြံ့ခိုင်မှု ကောင်းမွန်လာစေရန် ကူညီဆောင်ရွက်ပေးပါသည်။

ဉာဏ်ရည်မသန်စွမ်း အားကစားသမားများသည် မြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ဉာဏ်ရည်မသန်စွမ်းအားကစားပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ခြင်းဖြင့်အောင်မြင်မှုရရှိရေးအခွင့်အလမ်းများ ဆောင်ရွက်ပေးခြင်းဖြင့် ၎င်းတို့အနေဖြင့် မိမိကိုယ်ကို ဂုဏ်ယူတတ်လာစေရန်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် မိမိတို့အဖွဲ့အစည်းအတွင်း ဦးဆောင်နိုင်သောခေါင်းဆောင် (Athletes Leader) များဖြစ်မြောက်သည်အထိ လေ့ကျင့်ပို့ချေးထောင်လျက်ရှိပါသည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသူများ

- ❖ အသက်(၈)နှစ်နှင့်အထက်ရှိသူများ။
- ❖ ပညာသင်ကျောင်းများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အသက်မွေးဝမ်းကျောင်းများမှ ဉာဏ်ရည်မသန်စွမ်းသူ (သို့) ပညာရပ်များသင်ကြားရာတွင် အထူးခက်ခဲသူများဖြစ်ကြောင်း သက်မှတ်ထားခြင်းခံရသူ။
- ❖ ဉာဏ်ရည်အဆင့် (IQ) ၇၅ ရာနိုင်နှုန်းအောက်ရှိသူများ။
- ❖ Down Syndrome, Autism, Hyper Active, Intellectual Disability (ID), Dyselxia etc:,



Special Olympics Myanmar

မြန်မာနိုင်ငံဉာဏ်ရည်မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်

ဉာဏ်ရည်မသန်စွမ်းသူများအားကစားအဖွဲ့ ၏ သစ္စာအဓိဋ္ဌာန်

"ပြိုင်ပွဲတွင် ကျွန်ုပ်အား ယှဉ်ပြိုင်အနိုင်ယူခွင့်ပြုပါ၊
အနိုင်မရရှိပါကလည်း ရဲဝုံစွာ ကြိုးစားအားထုတ်မှုကို ပြသခွင့်ပြုပါ"

somyanmar2018@gmail.com

09-5040096,

Let me win, but if I cannot win. Let me be brave, in the attempt.

ရည်ရွယ်ချက်

(က) ဉာဏ်ရည်မသန်စွမ်းသူများအတွက် အားကစားလေ့ကျင့်မှုနှင့် ပြိုင်ပွဲများ ကျင်းပပေးသည့် နည်းလမ်းကို ဝတ္ထုပြုပြီး အခြား လူမှုရေး အထောက်အကူပြု နည်းလမ်းများအားဖြင့် ၎င်းတို့၏ လူနေအဖွဲ့အစည်းအတွင်းပါဝင်နိုင်မှုကို ပြင်ဆင်ပေးရန်။

(ခ) Special Olympics International - SOI ၏ စည်းမျဉ်း စည်းကမ်းများများနှင့်အညီ ရပ်တည်ရန်။

(ဂ) ဉာဏ်ရည်မသန်စွမ်းသူ အားကစားသမားများ၏ ကာယ၊ ဉာဏ ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ သက်ဆိုင်ရာ အားကစား ဘာသာရပ်များ၌ ကျွမ်းကျင်သူများ၊ နိုင်ငံတကာအားကစား လောကအဆင့်မီသူများ၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်နယ်ပယ်များမှ အားကစားကို ချစ်မြတ်နိုးပြီး ဉာဏ်ရည်မသန်စွမ်း အားကစားလောကကို ရှုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကူညီ ထောက်ပံ့မှုများ ပေးနိုင်စွမ်းသည့် ပုဂ္ဂိုလ်များ၊ SO Myanmar တွင် ပူးပေါင်း ပါဝင်လာနိုင်စေရန်။

(ဃ) နိုင်ငံတကာအဆင့်၊ ဒေသတွင်းအဆင့်၊ အမျိုးသားအဆင့် စသည့်အားကစားပြိုင်ပွဲများကို နိုင်ငံတွင်းလက်ခံကျင်းပနိုင်ရန်၊ နိုင်ငံတွင်းရှိ ပိုးထောင်လေ့ကျင့်ပေးထားသော အားကစား သမားများကို နိုင်ငံတကာ အဆင့်၊ ဒေသတွင်း အဆင့်၊ အမျိုးသားအဆင့် ပြိုင်ပွဲများသို့ စေလွှတ်ပြီး အတွေ့အကြုံ ရရှိစေရေး၊ အားကစားသမား အချင်းချင်း အပြန်အလှန် ရင်းနှီးချစ်ကြည်မှု ရရှိစေရန်။

ရပ်တည်ချက်

(က) SO Myanmar သည် ဉာဏ်ရည်မသန်စွမ်း အားကစား သမားများကို ကာယ၊ ဉာဏစွမ်းရည် ဖွံ့ဖြိုးတိုးတက်စေပြီး လူမှုအသိုင်းအဝိုင်းတွင် ဝင်ဆံ့လာစေရန် စွမ်းဆောင်ပေးပါသည်။

(ခ) SO Myanmar သည် လွတ်လပ်စွာ ရပ်တည်သော၊ အမြတ်အစွန်းမယူသော၊ နိုင်ငံရေး၊ ဘာသာရေးတို့နှင့် မသက်ဆိုင်သော အားကစားအဖွဲ့ချုပ်တစ်ခုအဖြစ် မြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ အသိအမှတ်ပြုအဖွဲ့အစည်း အဖြစ်ရပ်တည်သည်။

(ဂ) SO Myanmar သည် SOI နှင့်သက်ဆိုင်သည့် မြည်တွင်းအဖွဲ့အစည်းတစ်ခုဖြစ်ပြီး အစိုးရအဖွဲ့အစည်းများ၊ မြည်တွင်းမြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ နှင့် အခြားမသန်စွမ်းအဖွဲ့အစည်းများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် လွတ်လပ်စွာ ပူးပေါင်း ဆောင်ရွက်သည်။

(ဃ) SO Myanmar သည် လူမျိုး၊ ဘာသာစကား၊ ကျား/မ ခြစ်ခြင်း (Gender)၊ ယုံကြည်ကိုးကွယ်မှု၊ နိုင်ငံရေး ခံယူချက်၊ အသားနောင်၊ အလုပ်အကိုင်စသည်တို့အပေါ် ခွဲခြားဆက်ဆံခြင်းမရှိပါ။

အားကစားနည်းများ

- ပြေးခုန်ပစ်
- (၅)ယောက်တစ်ဖက်ဘောလုံး
- ရေကူး
- ကြက်တောင်
- ဘိုချီ
- Softball
- Bowling
- စက်ဘီးစီး

Programs များ

- ၁။ တစ်နှစ်ပါတ်လုံး အားကစားလေ့ကျင့်ခြင်း (အားကစားကွင်းများ၊ ကျောင်းများ)
- ၂။ နှစ်စဉ်ပြိုင်ပွဲများကျင်းပခြင်း (အသက်(၈)နှစ်အထက်)
- ၃။ **Young Athletes Program** အသက်(၃)နှစ်မှ (၈)နှစ်အထိ
- ၄။ **Athletes Leadership Program** (အသက်(၁၈)နှစ်အထက်)
- ၅။ **Unified Sports**(ဉာဏ်ရည်မသန်စွမ်းအားကစားသမား နှင့်အားကစားသမားအတူယူးပေါင်းကစားသည့်အားကစားနည်းများ)
- ၆။ နည်းပြသင်တန်းများ
- ၇။ **Volunteer** သင်တန်းများ
- ၈။ **Family Programs**
- ၉။ **Healthy Athletes Program**
- ၁၀။ **Education Program**